ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (15-12-2011)(ဖြ၉၇၄)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်၏ အကြံပေး ပုဂ္ဂိုလ် Mr. Robert Cooper အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် Mr. Robert Cooper အား လက်ခံတွေ့ဆုံ

**နေပြည်တော်      ဒီဇင်ဘာ      ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် Mr. Robert Cooper အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အကြံပေး ပုဂ္ဂိုလ် Mr. Robert Cooper နှင့်အတူ ဗန်ကောက်အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E. Mr. David Ramon Lipman၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU နှင့် ဥရောပသမဂ္ဂ အာရှရေးရာဌာနအကြီးအကဲ Mr. Cseamus Gellespie တို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဥရောပသမဂ္ဂနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး၊ အပြန်အလှန်အပြုသဘော ဆက်ဆံဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာ အကြီးအကဲ မစ္စကက်သရင်း အက်ရှ်တန်၏ အကြံပေးပုဂ္ဂိုလ် Mr. Robert Cooper အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန် ဆောင် ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

**ယနေ့ သတင်းအညွှန်း**

| | | |
|---|---|---|
| ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရ စာပေပညာရှင်များအား ကြေးမုံကတွေ့ဆုံ | ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်မှ ကနေဒါနိုင်ငံ ပထမဆုံးနုတ်ထွက် | အာဆင်နယ် နောက်ခံကစားသမား အန်ဒရီဆန်းတို့စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့်အနားယူရတော့မည် |
| သတင်း စာမျက်နှာ - ၃ | နိုင်ငံတကာသတင်း စာမျက်နှာ - ၄ | အားကစားသတင်း စာမျက်နှာ - ၁၀ |

ကြေးမုံစာတည်းရှုထောင့် 　 ၁၅-၁၂-၂၀၁၁[ကြာသပတေးနေ့]။

# ထာဝရငြိမ်းချမ်းရေးရောင်ခြည်

ကမ္ဘာတစ်ဝန်း နေရာဒေသအချို့၌ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည်။ လူမျိုးစွဲ ဝါဒစွဲများကြောင့်ဖြစ်ရသည့် စစ်ပွဲများ၊ စီးပွားရေးစားကျက်လုတိုက်ပွဲများလည်း နေရာကွက်၍ ဖြစ်ပေါ်နေဆဲ။ မည်သည့်အကြောင်းတရားကြောင့် ဖြစ်နေကြသည်ဖြစ်စေ ငြိမ်းချမ်းမှုမရှိသည့် ဒေသများမှ ပြည်သူအများမှာမူ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးကြရမည်။ စစ်ဘေးဒုက္ခ၏ ပူလောင်မှုသောကဝေဒနာများ တွေ့ကြုံခံစားကြရသည်ချည်းဖြစ်သည်။

မိမိတို့ဖြတ်သန်းခဲ့ရသည့် ခေတ်သမိုင်းတစ်လျှောက်တွင် နယ်ချဲ့ဖက်ဆစ်တို့နှင့် တိုက်ခဲ့ရသည့် တိုက်ပွဲများကြောင့် နိုင်ငံတစ်ဝန်း အေးချမ်းမှု ပျက်သုဉ်းခဲ့ရသည်။ လွတ်လပ်ရေးရပြီးချိန်တွင်လည်း ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာ စစ်၏အနိဋ္ဌာရုံများကို ခါးသီးစွာတွေ့ကြုံရပြန်သည်။ တည်ငြိမ်အေးချမ်းမှုကင်းမဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် ထင်တိုင်းမပေါက်ဖြစ်ခဲ့ရသည်။

တကယ်တမ်းဆန်းစစ်လျှင် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်ယှက်နွယ်နေသည်။ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသတွင် မည်သူမျှစိတ်အေးချမ်းသာ သွားလာလုပ်ကိုင်နေထိုင်နိုင်ကြမည် မဟုတ်ပေ။ ဒေသခံပြည်သူအများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နိမ့်ကျသမျှ ဆင်းရဲမှုသံသရာမှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ယနေ့အချိန်အခါသည် ခေတ်သစ် စနစ်သစ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေသည့်ကာလ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းနေသည့်အချိန်အခါ။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငြိမ်းချမ်းရေးဆန္ဒ၊ ငြိမ်းချမ်းရေးတောင်းဆိုသံ၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းသံများ လွင့်ပျံ့နေသည့် သမယ။ ထာဝရငြိမ်းချမ်းရေးအတွက် အားထုတ်ကြရမည့် အခြေအနေကောင်း အချိန်အခါကောင်းပင်။

ပြည်နယ်အဆင့် ပဏာမဆွေးနွေးပွဲများမှသည် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်သည်အထိ အားထုတ်မှုများ ရှိလာသည်။ အမြင်မတူ၊ အသွင်မတူ၊ သဘောထားမတူမှုအချို့ ရှိနိုင်သော်လည်း ဒေသခံတိုင်းရင်းသားများ အေးချမ်းစွာလုပ်ကိုင်စားသောက်နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေး ရှေးရှုဆွေးနွေးညှိနှိုင်းခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ရရှိနိုင်ပေမည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုကို အခြေခံသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနေပြီ။ နိုင်ငံဖွံ့ဖြိုး၊ ပြည်သူအများ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းစေမည့် ထာဝရငြိမ်းချမ်းရေးရောင်ခြည် လင်းလက်နေပြီဖြစ်ပါကြောင်း။ ။

# မြန်မာနှင့် အီးယူအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် Mr. Robert Cooper သည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(ယာပုံ)** မြန်မာနှင့် အီးယူအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဆုံးဖြတ်ချက်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သော ခုံရုံးသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၁၅ (ဃ)အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ပါ ၂၃ ဦး တင်သွင်းလာသည့် တင်သွင်းလွှာအမှတ် (၂/၂၀၁၁)ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ခုံရုံး ရုံးခန်းအမှတ်(၁)၌ ဆုံးဖြတ်ချက်ချမှတ်သည်။

ယင်းဆုံးဖြတ်ချက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် ပါ ၂၃ ဦး၏ တင်သွင်းလွှာကိုခွင့်ပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၄ (ဂ)တွင် အကျုံးဝင်သည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး ယင်းဥပဒေပုဒ်မ ၅နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆို ဆုံးဖြတ်ချက်ချမှတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အခြေခံယာဉ်မောင်း သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစီအစဉ်ဖြင့်ဖွင့်လှစ်သော ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်များအောက်ရှိ အခြားအဆင့် တပ်ဖွဲ့ဝင်များ၏ ယာဉ်မောင်းသင်တန်း အမှတ်စဉ်(၄/၂၀၁၁)ဆင်းပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၃၆) ရပ်ကွက်ရှိ သီရိမြိုင် ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၄)နှင့် အမှတ်(၂) ဒေသမှူး ရဲမှူးကြီး ဝင်းထွန်းတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၅-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွှဲ
၄း၂၅ ၅။ ဗွီစီဒီကျော်ကြားတေး
၄း၄၀ ၆။ မွေးမြူသုတ
၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၆)**
၆း၀၀ ၁၀။ မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၇)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၈၀)**
၈း၀၀ ၁၅။ မြဝတီ ရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဗိုလ်တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရ နေ့ရက်လေးများ (အပိုင်း-၂၀)**



# ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်းကြီး ရွှေပြားအလှူတော်ရေစက်ချအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်း အရဏ်တော်ဝတ်အသင်းကြီးက ကြီးမှူး၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရဟန်းရှင်လူပြည်သူအများ စုပေါင်းလှူဒါန်းထားသော ငွေကျပ် သိန်း ၄၅၀ တန်ဖိုးရှိ တစ်ပေပတ်လည် တစ်ပြားလျှင် အလေးချိန် သုံးကျပ်သားစီ ရှိသော ရွှေစင် ရွှေသား ရွှေပြားသက်န်းတော် ၂၅ ပြား စုစုပေါင်းအလေးချိန် ၇၅ ကျပ်သား အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက်က အသင်းတည်ရှိရာ ဘောဂရပ်ကွက် ပန်းတည်းတန်းအရဏ်တော်ဝတ်အသင်းဓမ္မာရုံကြီး၌ ကျင်းပပြီး ဘုရားအမှူးပြုသော ပင့်သံဃာတော်များအား ငွေကျပ် ၅၈ သိန်းတန်ဖိုးရှိ စာရေးတံမဲများအား ဖွင့်ဖောက်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အသင်းကြီးက အလှူရှင်များနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်၍ **(အပေါ်ပုံ)** ရွှေပြားသက်န်းတော် ၂၅ ပြားကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြသည်။

(၅၄၆)



**မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ကျော်ထက်အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ငွေကျပ်၇၅၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။** (ပညာရေး)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၄-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၉၅၀ | ၀. ၃၁၉၅ |
| တရုတ် (ယွမ်) | ၆. ၃၇၂၃၀ | ၀. ၁၅၆၉၃ |
| အိန္ဒိယ (ရူပီး) | ၅၃. ၇၁၅၀ | ၀. ၀၁၈၆၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၅၂၀ | ၀. ၃၁၃၉၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၆၄၉ | ၀. ၇၆၅၄၁ |
| ဂျပန် (ယန်း) | ၇၈. ၁၀၅၉ | ၀. ၀၁၂၈၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၅၉. ၀၅ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၇၀၄၂ | ၁. ၂၉၇၉၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၅၇၆ | ၁. ၅၄၈၅၆ |

**အင်တာနက်။**


## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဥရောပသမဂ္ဂနှင့် ပိုလန်သမ္မတနိုင်ငံတို့မှ ဧည့်အဖွဲ့များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် Mr. Robert Cooper နှင့် အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ပိုလန်သမ္မတနိုင်ငံ Community of Domocracies အမှုဆောင်ညွှန်ကြားရေးမှူး Professor Bronislaw Misztal နှင့် အဖွဲ့သည် ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင်(၁) ဧည့်ခန်းမ၌ သီးခြားစီလာရောက်တွေ့ဆုံကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံကြရာတွင် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံကြစဉ် မြန်မာ-ဥရောပသမဂ္ဂ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ - ပိုလန် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရေးကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ (သတင်းစဉ်)



**လာရောက်တွေ့ဆုံ**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ပိုလန်သမ္မတနိုင်ငံ Community of Domocracies အမှုဆောင်ညွှန်ကြားရေးမှူး Professor Bronislaw Misztal နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုရစာပေပညာရှင်များနှင့် တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း - ကြည်ဝင်းညွန့်** **ဓာတ်ပုံ - သန့်ဇင်ထွန်း**

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆု ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ဒီဇင်ဘာ ၁၃ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ကြေးမုံသတင်းအဖွဲ့က သက်ဆိုင်ရာ စာရေးဆရာများထံသို့ သွားရောက်၍ တွေ့ဆုံမေးမြန်းခဲ့သမျှကို ဖော်ပြလိုက်ပါသည်။**

## မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုတိုးတက်စေလို

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ချီးမြှင့်ခြင်းခံရသူ စာရေးဆရာကြီး ဒေါက်တာသော်ကောင်းက **"နိုင်ငံတော်က စာပေဆိုင်ရာ အမြင့်ဆုံးဆုကို ချီးမြှင့်တဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ နိုင်ငံရပ်ခြားကရခဲ့တဲ့ ဂုဏ်ထူးဆောင်စာပေဆုတွေထက် ယခုကိုယ့်တိုင်းပြည်က ချီးမြှင့်တဲ့ အမျိုးသားစာပေ တစ်သက်တာဆုကို အနှစ်သက်ဆုံး၊ ဂုဏ်ယူမဆုံး၊ တန်ဖိုးအထားဆုံးဖြစ်ပါတယ်"**ဟူ၍ ပြောကြားသည်။

စာရေးဆရာကြီး ဒေါက်တာသော်ကောင်းကို ၁၉၃၇ ခုနှစ်တွင် မွေးဖွားသည်။ ၁၉၅၉ ခုနှစ်တွင် အင်္ဂလိပ်စာ အထူးပြု၊ ၁၉၆၂ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်ဘွဲ့လွန်ဒီပလိုမာတို့ ရရှိခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးဦးသော်ကောင်းသည် ၁၉၉၉ ခုနှစ်တွင် University of Western Sydaney မှ Doctor of Letters ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခံရသည်။ ၁၉၉၇ ခုနှစ်တွင် စာကြည့်တိုက်မှူးအဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ယခုအခါ မြန်မာ့သမိုင်းအဖွဲ့တွင် အဖွဲ့ဝင်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် သုတပညာဌာနတွင် အချိန်ပိုင်းပါမောက္ခအဖြစ်ဆောင်ရွက်လျက်ရှိသည်။

ဆရာကြီးဦးသော်ကောင်းသည် ရန်ကုန်တက္ကသိုလ်ပင်မနယ်မြေရှိ စာကြည့်တိုက်တွင် နှစ်ပေါင်း ၄၀ မျှ စာကြည့်တိုက်မှူးအဖြစ် အမှုထမ်းဆောင်ခဲ့ပြီး ပညာဗဟုသုတရှာလိုသူ သုတေသီများမှသည် စာဖတ်လိုသူအားလုံးအထိ ကူညီပေးနိုင်ခဲ့သည်။ ရှားပါးသည့် ပေစာ၊ ပုရပိုက်၊ လက်လုပ်စက္ကူနှင့် အခြားလက်ရေးစာများကို စုဆောင်းရာ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများ မြင်ကွင်းတွင် စာပေနှင့် သမိုင်းအမွေအနှစ်မှတ်တမ်းပညာ ထိန်းသိမ်းရာဌာနကြီးတွင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်ပေါင်း ၄၀ ခန့်အတွင်း လုံးချင်းစာအုပ် ၁၀ အုပ်ခန့်နှင့် မြန်မာစာစာစုစာရင်းများ၊ မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာပေများ အစဉ်တစိုက်ရေးသားပြုစုခဲ့သည်။ ယခုအသက် (၇၄)နှစ်ရှိသည့်တိုင် စာပေများ ဆက်လက်ရေးသားထုတ်ဝေရန် ကြိုးပမ်းနေဆဲဖြစ်သည်။

စာရေးဆရာကြီး ဒေါက်တာသော်ကောင်းက **"ကျန်းမာရေးကောင်းနေသမျှ သမိုင်းဆိုင်ရာ၊ မြန်မာစာပေဆိုင်ရာ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာပေတွေကို နိုင်ငံတကာမှ တိတိပပသိနိုင်အောင်၊ အချက်အလက်မှန်ကန်အောင်၊ သမိုင်းအမှန်သိရှိအောင် အားထုတ်သွားဦးပါမယ်"**ဟု ပြောပြသည်။

အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာသော်ကောင်းက **"လူငယ်တွေအနေနဲ့ အဘက်ဘက်က ပြည့်စုံသိရှိနိုင်ဖို့ စာပေတွေများများဖတ်ကြပါ။ စာရေးကြပါ။ စာပေလေ့လာအားထုတ်မှုတွေ ဆက်လက်ဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်"**ဟူ၍ ပြောကြားခဲ့သည်။



*အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး ဒေါက်တာသော်ကောင်း။*

## ကိုယ့်ဘာသာစကား ခြေခြေမြစ်မြစ်သိသင့်သည်၊ တန်ဖိုးထားရမည်



*အမျိုးသားစာပေ သုတပဒေသာ (ဝိဇ္ဇာ)ဆုရ စာရေးဆရာ ဒေါက်တာအောင်မြင့်ဦး။*

သုတေသနသည် သင်ကြားရေး၏ အသက်ဖြစ်သည်။ ပညာရပ်၏အသက်ဖြစ်သည်။ သုတေသနပြုခြင်းဖြင့် တွေ့ရှိချက်အသစ်များဖော်ထုတ်နိုင်သည်။ ရှေးပုဂ္ဂိုလ်များ ဖော်ထုတ်ခဲ့သည့် တွေ့ရှိချက်များကို နောက်တွေ့ အထောက်အထားများဖြင့် ဖြည့်စွက်ပြင်ဆင်တည့်မတ်ပေးနိုင်သည်။ တွေ့ပြီးသားအချက်များကို အမြင်သစ်ဖြင့်ရှုမြင်၍ ကောက်ချက်သစ်များ ချမှတ်နိုင်သည်။ ဤသို့သုတေသနပြု၍ ရရှိသော ရလဒ်များသည် သင်ကြားရေး၏ အသက်ဝိညာဉ်ရှင်သန်နိုးကြားအောင် အားဖြည့်ပေးမြဲဖြစ်သည်။

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ သုတပဒေသာ (ဝိဇ္ဇာ)ဆုရရှိသူ ဒေါက်တာ အောင်မြင့်ဦးနှင့် ကြေးမုံသတင်းအဖွဲ့တွေ့ဆုံခဲ့သည်။ အမျိုးသားစာပေဆု ရရှိခြင်းနှင့် စပ်လျဉ်း၍ ဒေါက်တာအောင်မြင့်ဦးက **"မမျှော်လင့်ဘဲ အမျိုးသားစာပေဆုရတဲ့အတွက် များစွာဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်က အသိအမှတ်ပြုခံရတဲ့အတွက် ဂုဏ်ယူပါတယ်။ ပညာရေးလုပ်ငန်းမှာ တာဝန်ယူနေရချိန် တစ်ဖက်က ဝါသနာပါတဲ့ စာပေရေးသားပြုစုရင်း ဆုရတဲ့အတွက် ပညာရေးနယ်ပယ်နဲ့ စာပေနယ်အတွက်ပါ အကျိုးရှိပါတယ်"** ဟူ၍ ပြောပြသည်။

ဆုရ **"ဘာသာစကား သုတေသန"** စာအုပ်တွင် စာတမ်း ၁၂ စောင်ပါရှိသည်။ **မြန်မာစာအရေးအသား စနစ်ဖြစ်ထွန်းလာပုံမှသည် မြန်မာ့ဒေသိယစကားများရှိ ရှေးထုံးမြန်မာစကားများ**အထိ ပါဝင်သည်။

ဖတ်ရှုကြည့်သည့်အခါ စာရေးသူ အာရုံကျက်စားရာ သုတေသနနယ်ပယ်များကို တွေ့ရသည်။ စာအရေးအသား စနစ်ကို ဘာသာဗေဒပညာရပ်ခွဲဖြစ်သော အရေးရုပ်သွင် လေ့လာမှုရှုထောင့်။ မြန်မာစာအရေးအသားစနစ်မှသည် တိုင်းရင်းသားစာအရေးအသားစနစ်များဆီသို့ အာရုံဖြန့်ကြက်မှုကို တွေ့ရသည်။ စာရေးသူ ပါရဂူဘွဲ့ရပြီးသော ဆယ်နှစ်ကာလအတွင်း ပျမ်းမျှ တစ်နှစ်လျှင် စာတမ်းတစ်စောင် ပြုစုနိုင်သည့် အားထုတ်မှုကို တွေ့ရသည်။

သုတပဒေသာ (ဝိဇ္ဇာ)ဆုရ ဒေါက်တာအောင်မြင့်ဦးကို ၁၉၆၀ ပြည့်နှစ်၌ မွေးဖွားသည်။ ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပထမဦးဆုံး မြန်မာစာပါရဂူဘွဲ့ (Ph.D) ရရှိသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခတာဝန် ထမ်းဆောင်လျက်ရှိသည်။

ဒေါက်တာအောင်မြင့်ဦးက **"ကိုယ့်ဘာသာစကားကို ထိန်းသိမ်းဖို့ ရည်ရွယ်ရေးတာပါ။ မြန်မာဘာသာ၊ မြန်မာစကားဟာ ကျယ်ပြန့်ပါတယ်။ ကြိုးပမ်းလုပ်ဆောင်စရာတွေ** ရှိနေပါသေးတယ်။ **မြန်မာစာပေနယ်ပယ်မှာ စွမ်းဆောင်နိုင်သလောက် အားထုတ်သွားဦးမှာပါ"**ဟု ဆက်လက်ပြောပြသည်။

ဘာသာဗေဒအမြင်အရ ဘာသာစကားတိုင်းသည် တန်းတူရည်တူသဘောဆောင်သည်။ မြန်မာနိုင်ငံတွင် မြန်မာတိုင်းရင်းသားအသီးသီး ပြောဆိုသုံးစွဲနေကြသော ဒေသိယစကားအသီးသီးသည်လည်း တန်းတူရည်တူတန်ဖိုးရှိသည်။ ယင်းသို့ ဘာသာစကား၏ သရုပ်သကန်အပါအဝင်သုတေသနရလဒ်များသည် သုတေသနအင်အား၊ သုတေသနအားထုတ်မှုများဖြင့် ဆက်လက်ရှင်သန်နေမည်သာဖြစ်ပေသည်။

## ကျော့ပိုးအိတ်လေးကို ချီကာလွှယ်



*အမျိုးသားစာပေ စာပဒေသာဆုရ စာရေးဆရာကြီး တင့်ဆွေ(ဖျာပုံ)။*

စာရေးသူတင့်ဆွေ(ဖျာပုံ)က မြေပြန့်-တောင်ပေါ် ပင်လယ်ကမ်းရိုးတန်း၊ မြန်မာပြည်အနှံ့တာဝန်ကျရာဒေသများသို့ ကျော့ပိုးအိတ်ကလေးလို လိုက်ပါနေရပြီး ဆင်းရဲအတူ၊ ချမ်းသာမခွဲ၊ ဝါးတဲတန်းလျား၊ စစ်မြေပြင်ပါမကျန် တစ်ဦးနှင့်တစ်ဦး ချည်နှောင်တွယ်တာ လွယ်ပိုးခဲ့ရသူချစ်ဇနီး "မ" (အန်တီစန်း)အား ရည်စူး၍ **ကျော့ပိုးအိတ်လေးကို ချီကာလွှယ်**ဟု စာအုပ်အမည်ပေးထားသည်။

၂၀၁၀ ခုနှစ်အတွက် အမျိုးသားစာပေ စာပဒေသာဆု ချီးမြှင့်ခံရသည့် စာအုပ်ဖြစ်သည်။ အမှန်အားဖြင့် တပ်မတော်သားရဲဘော်မှ ဗိုလ်မှူးချုပ်အထိ အဆင့်ဆင့်တာဝန်ယူခဲ့ရသည့် ဖြတ်သန်းမှုဘဝအတွေ့အကြုံများဖြစ်သည်။ ခေတ်ပြိုင်သမိုင်းထဲက အခြင်းအရာအားလုံးကို ဝါဒဖြန့်ချိမှု၊ ထင်မြင်မှု မြူမှောင်များကို ဖောက်ထွင်းပြီး ကြည်လင်မှုဖြင့်ရှုမြင်ရေးသားထားသည်။

ကြေးမုံသတင်းအဖွဲ့က အမျိုးသားစာပေဆုရှင် တင့်ဆွေ(ဖျာပုံ)အား တွေ့ဆုံခဲ့ရာတွင် စာရေးသူက **"မမျှော်လင့်ဘဲဆုရ၍ ပီတိဖြစ်မိပါတယ်။ ထိုက်တန်၍ ချီးမြှင့်ခြင်းဖြစ်တယ်လို့ ခံယူပါတယ်။ စာပေထုတ်ဝေခွင့်ပြုခဲ့တဲ့ အစိုးရရော၊ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အချက်အလက်မှန်ကန်ရေးအတွက် စာအုပ်ထုတ်ဝေပြီးစီးရေး ကူညီအားပေးကြသူအားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်"**ဟူ၍ ပြောကြားခဲ့သည်။

တင့်ဆွေ(ဖျာပုံ)သည် ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်သည်မှ စစ်ဝန်ထမ်းတပ်ရင်းမှူးဘဝ၊(မေမြို့)ပြင်ဦးလွင် ဗိုလ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ဘဝ၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးဘဝ၊ တပ်မ(၇၇)တပ်မမှူးဘဝ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီးဘဝတို့ကို အဆင့်ဆင့်ဖြတ်သန်းခဲ့သည်။

စာရေးဆရာတင့်ဆွေ(ဖျာပုံ)ကို ဖျာပုံမြို့တောင်ပိုင်းတွင် ၁၉၂၅ ခုနှစ်က မွေးဖွားခဲ့သည်။ တပ်မတော်သားဘဝ၊ အရပ်ဘက်ဝန်ထမ်းဘဝအမျိုးမျိုးတွင် ကျရာတာဝန်ကို ကျေကျေပွန်ပွန်ထမ်းရွက်ခဲ့သည်။ တစ်နေရာတွင် **"ယနေ့ကောင်းမှ အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ်သုံးပါးစလုံး မှန်ကန်မှု၊ ရိုးသားမှု၊ စိတ်ကောင်းရှိမှုတို့၏ အကျိုးကို ခံစားရပါမည်"** ဆိုသည့် တိုက်တွန်းချက်ကို တွေ့ရသည်။

စာရေးသူက **"နှစ်ပေါင်း ၆၀ ကျော် လက်တွဲခဲ့တဲ့ ဇနီးသည် ကွယ်လွန်ပြီး ၂၅ ရက်အကြာ လွမ်းဆဲဆွေးဆဲ လေထန်ထန်မိုးသည်းသည်းမှာ စတင်ရေးသားခဲ့တဲ့ ကျော့ပိုးအိတ်လေးကို ချီကာလွှယ်ဘဝမှတ်တမ်း စာအုပ်ကနေ နောင်လာနောက်သားများအတွက် သိစရာမှတ်စရာများဆက်ပြီး ရေးသွားဦးမှာပါ"**ဟု ပြောကြားသည်။

ယခုအခါ **"မထိကန်သာ ရေကြည်ရှာခဲ့"** စာအုပ်ထွက်ရှိပြီး တတိယ၊ စတုတ္ထစာအုပ်များ ဆက်လက်ရေးသားနေဆဲဖြစ်ကြောင်းသိရသည်။ ။




ဒီဇင်ဘာ ၈ ရက်က တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကျင်းပသည့် ရာသီဥတုဆိုင်ရာ ကုလသမဂ္ဂ ထိပ်သီးဆွေးနွေးပွဲ အခမ်းအနားကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာလှည့်ခရီးသွားများအတွက် ဆေးရုံ ဘာလီကျွန်း၌ တည်ဆောက်ရန် စီစဉ်

ဂျကာတာ ဒီဇင်ဘာ ၁၄

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အချက်အချာဖြစ်သော ဘာလီကျွန်း၌ ကမ္ဘာလှည့်ခရီးသွားများ ဆေးကုသမှုခံယူနိုင်မည့် ဆေးရုံတစ်ရုံကို တည်ဆောက်တော့မည်ဖြစ်ကြောင်း ဘာလီကျွန်း၏အုပ်ချုပ်ရေးမှူး ပက်စတီကာက ဒီဇင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

ဘာလီကျွန်းသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်လျက်ရှိရာ နာမကျန်းသည့် ကမ္ဘာလှည့်ခရီးသည်များအတွက် သီးသန့်ဆေးရုံတစ်ရုံကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါဆေးရုံကို သုံးဟက်တာအကျယ်အဝန်းရှိမြေနေရာတွင် တည်ဆောက်မည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များအတွက် ဖွင့်လှစ်မည့်ဆေးရုံသည် နိုင်ငံတကာကျန်းမာရေး စောင့်ရှောက်မှု စံနှုန်းများနှင့် ကိုက်ညီစွာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ယခုနှစ်အောက်တိုဘာလတွင် ကမ္ဘာလှည့်ခရီးသည်ဦးရေ ၂၄၄၄၀၀ အထိ အလည်အပတ်လာရောက်ခဲ့သည်။ ယင်းမှာ လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၆ဒသမ ၄၃ရာခိုင်နှုန်း ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်း စာရင်းအင်းဗျူရိုက ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ယခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၇ဒသမ ၇သန်းလာရောက်ရန်နှင့်လာမည့်နှစ်တွင် ရှစ်သန်းလာရောက်ရန် မျှော်မှန်းထားကြောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ကြီး ပန်ဂတ်စုကပြောကြားသည်။ **ဆင်ဟွာ။**



ဘာလီကျွန်းသို့ အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသည်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်မှ ပထမဆုံးနုတ်ထွက်သည့်နိုင်ငံ ကနေဒါဖြစ်လာ

အော်တဝါ ဒီဇင်ဘာ ၁၄

**ကနေဒါနိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်မှ တရားဝင်နုတ်ထွက်သည့် ပထမဆုံးသော နိုင်ငံဖြစ်လာကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။**

ကနေဒါနိုင်ငံသည် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်မှ တရားဝင်နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း တောင်အာဖရိကနိုင်ငံ၌ ကျင်းပသော ကုလသမဂ္ဂ ရာသီဥတုဆိုင်ရာ ညီလာခံအပြီးတွင် ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ပီတာကန့်က ပြောကြားသည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကျိုတိုစာချုပ်သည် သမိုင်းဝင်စာချုပ်တစ်ရပ်အဖြစ် ၁၉၉၇ခုနှစ်တွင် ပေါ်ထွက်လာခဲ့သည်။

ကျိုတိုစာချုပ်၌ ပါဝင်လက်မှတ်ရေးထိုးရန် ငြင်းဆန်သောနိုင်ငံများတွင် အမေရိကန်နိုင်ငံ ပါဝင်သည်။

အဆိုပါစာချုပ်အရ ကနေဒါနိုင်ငံသည် ၂၀၁၂ခုနှစ်ထက်နောက်မကျဘဲ ၁၉၉၀ပြည့်နှစ်ကရှိခဲ့သော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၆ရာခိုင်နှုန်းကို လျှော့ချရမည်ဖြစ်သည်။

ကနေဒါနိုင်ငံသည် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန် သတ်မှတ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် ကျိုတိုစာချုပ်မှ နုတ်ထွက်ခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။ ကနေဒါနိုင်ငံသည် ကာဗွန် ဓာတ်ငွေ့လျှော့ချမှုကို သတ်မှတ်ချက်အတိုင်း မပြုလုပ်နိုင်ပါက ပြစ်ဒဏ်အဖြစ် ကနေဒါဒေါ်လာ ၁၄ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၃ဒသမ ၆ဘီလီယံ)အထိ ပေးဆောင်ရမည့်အခြေအနေတွင်ရှိနေသည်။ **အင်တာနက်။**



# အာဖဂန်လက်နက်ကိုင်တပ်ဖွဲ့များအတွက် အီရန်က အကူအညီပေးရန် ကမ်းလှမ်း

တီဟီရန် ဒီဇင်ဘာ ၁၄

**အာဖဂန်နစ္စတန်နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များ ပိုမိုအင်အားခိုင်မာ တောင့်တင်းလာစေရေးအတွက် အီရန်နိုင်ငံက အကူအညီပေးရန်လိုလားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီက ဒီဇင်ဘာ ၁၄ရက်တွင် ပြောကြားသည်။**

အီရန်ကာကွယ်ရေးဝန်ကြီးသည် အာဖဂန်ဒုတိယကာကွယ်ရေးဝန်ကြီး မိုဟာမက်ဖော်ဇီနှင့် မြို့တော်တီဟီရန်၌ တွေ့ဆုံဆွေးနွေးရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

## ပါဝင်လှုပ်ရှား

အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၏ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်သည် နှစ်နိုင်ငံကာကွယ်ရေးဆက်ဆံမှုမြှင့်တင်ရာတွင်လည်းကောင်း၊ အာဖဂန်ကာကွယ်ရေးတပ်ဖွဲ့များ၏ စွမ်းပကားကိုတိုးမြှင့်ရာတွင် လည်းကောင်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အနောက်အုပ်စုနိုင်ငံများသည် အာဖဂန်နစ္စတန်နိုင်ငံအား ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းအားထုတ်မှုများကို လိုလားခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။

## တူညီ

မိမိတို့နှစ်နိုင်ငံသည် ပါရှားစကားပြောနိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှုအရ တူညီကြကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန် အာဖဂန်နစ္စတန်နိုင်ငံက လိုလားကြောင်း အာဖဂန်စစ်ဘက်ဆိုင်ရာအကြီးအကဲက ပြောကြားသည်။ **အင်တာနက်။**



အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ပြည်ပသို့ မှောင်ခိုထုတ်လာသော ဆင်စွယ်များကို မလေးရှား၌သိမ်းဆည်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၁၄

မလေးရှားနိုင်ငံ၌ ပြည်ပသို့မှောင်ခိုထုတ်လာသည့် ဆင်စွယ်များနှင့် ဆင်စွယ်ဖြင့်ပြုလုပ်ထားသော လက်မှုပစ္စည်းများကို သိမ်းဆည်းရမိကြောင်း၊ ယင်းပစ္စည်းများ၏ ကာလပေါက်စျေးမှာ ရင်းဂစ်ငွေလေးသန်း(ဒေါ်လာ ၁ ဒသမ ၃သန်း)ခန့်ဖြစ်ကြောင်း အကောက်ခွန်ဌာနတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၃ရက်တွင် ပြောကြားသည်။

သိမ်းဆည်းရမိသော ဆင်စွယ်များနှင့် ဆင်စွယ်ဖြင့်ပြုလုပ်ထားသော လက်မှုပစ္စည်းများမှာ ကင်ညာနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့တင်ပို့သော ပစ္စည်းများဖြစ်ကြကြောင်း အကောက်ခွန်ဌာန တာဝန်ရှိသူက ပြောကြားသည်။

ဥပဒေမဲ့ ဆင်စွယ်ကုန်သွယ်မှုလုပ်ငန်းတွင် မလေးရှားနိုင်ငံကို ကြားစခန်းနိုင်ငံတစ်ခုအဖြစ် မှောင်ခိုထုတ်သူများက အသုံးချလာနေသည်။ မကြာသေးမီလများကလည်း မလေးရှားအာဏာပိုင်များက ဆင်စွယ်အမြောက်အမြားကို သိမ်းဆည်းရမိခဲ့သည်။

မလေးရှား အကောက်ခွန်ဌာန စစ်ဆေးရေးမှူးများသည် ဒီဇင်ဘာ ၈ ရက်က နိုင်ငံ၏ အကြီးဆုံးသော ပင်လယ်ဆိပ်ကမ်းဖြစ်သော ကလန်းပင်လယ်ဆိပ်ကမ်း၌ ဆင်စွယ်များနှင့် ဆင်စွယ်ဖြင့်ပြုလုပ်ထားသည့် လက်မှုပစ္စည်းများပါဝင်သော ကုန်သေတ္တာတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။

ယင်း ကုန်သေတ္တာကို ကင်ညာနိုင်ငံ မွမ်ဘာဆာပင်လယ်ဆိပ်ကမ်းမှ ကမ္ဘောဒီးယားနိုင်ငံ သီဟာနုဗီးလ် ပင်လယ်ဆိပ်ကမ်းသို့ တင်ပို့ရန်လိပ်မူထားကြောင်း မလေးရှားအကောက်ခွန် တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***

# ပင်လယ်စားပြများကိုစောင့်ကြည့်သည့် အမေရိကန်မောင်းသူမဲ့လေယာဉ်ပျက်ကျ

နိုင်ရိုဘီ ဒီဇင်ဘာ ၁၄

အရှေ့အာဖရိကဒေသပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ ပင်လယ်ဓားပြများကို လှေ့လာစောင့်ကြည့်နိုင်ရန် အသုံးပြုလျက်ရှိသော အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်းသည် ဆေးရှဲလ်ကျွန်းနိုင်ငံရှိ လေဆိပ်တစ်ခု၌ ပျက်ကျခဲ့ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန်လေတပ်မှ အမ်ကျူ-၉ရီပါအမျိုးအစား မောင်းသူမဲ့လေယာဉ်သည် ပုံမှန်ကင်းလှည့်ပျံသန်းနေချိန်အတွင်း ပျက်ကျခဲ့ကြောင်း၊ အဆိုပါလေယာဉ်၌ လက်နက်တပ်ဆင်ထားခြင်းမရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

မောင်းသူမဲ့လေယာဉ်ပျက်ကျမှုကြောင့် ထိခိုက်မှုမရှိပေ။ ယင်းလေယာဉ်ပျက်ကျခဲ့ပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း မီးကို လျင်မြန်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

အင်ဂျင်စက်ချွတ်ယွင်းမှုကြောင့်မောင်းသူမဲ့လေယာဉ် ပျက်ကျခဲ့ရကြောင်း၊ စတင်ပျံသန်းရန် ထွက်ခွာသွားပြီးနောက် မိနစ်အနည်းငယ်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဆေးရှဲလ်မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **အင်တာနက်။**

# တရုတ်နိုင်ငံ၏ အကြီးဆုံးသောကင်းလှည့်သင်္ဘော ပထမဆုံးအကြိမ် ရေကြောင်းခရီးစဉ်မောင်းနှင်

ရှန်ဟိုင်း ဒီဇင်ဘာ ၁၄

တရုတ်နိုင်ငံ၏ အကြီးဆုံးသောပင်လယ်ရေကြောင်းကင်းလှည့်သင်္ဘောကို ဒီဇင်ဘာ ၁၃ရက်တွင် ပထမဆုံးအကြိမ်ရေကြောင်းခရီးစဉ် မောင်းနှင်ခဲ့ကြောင်း၊ ယင်းစစ်သင်္ဘောသည် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်း အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရာတွင် အထောက်အကူပေးမည်ဖြစ်ကြောင်း ပင်လယ်ရေကြောင်းစောင့်ကြည့်ရေး အရှေ့ တရုတ်ပင်လယ်ရေတပ် တပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

အဆိုပါသင်္ဘောမှာ ဟိုင်ကျန်-၅၀အမည်ရှိပြီး တန်ချိန် ၃၀၀၀အတန်းအစား သင်္ဘောဖြစ်သည်၊ တရုတ်နိုင်ငံ၏ ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့သိုက်များနှင့် တရုတ်-ဂျပန် ပူးတွဲဖွံ့ဖြိုးရေးဇုန်နယ်မြေတို့ကို ကာကွယ်စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း အရှေ့တရုတ်ပင်လယ်ရေတပ်ဖွဲ့ အကြီးအကဲ လျူကျန်တုန်းက ပြောကြားသည်။ ***ဆင်ဟွာ။***

# မန္တလေးမြို့၌ ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ ဖူးမြော်လျှုဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၄

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ သတ္တမမြောက်နေ့ဖြစ်သည့် ယနေ့တွင် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ရဟန်းရှင်လူပြည်သူ ၃၉၅၉၃ ဦး လာရောက်ဖူးမြော်ကြည်ညိုကြသည်။**

ဗုဒ္ဓမြတ်စွယ်တော်အား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရဟန်းရှင်လူပြည်သူများသာမက စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ ကချင်ပြည်နယ်တို့မှ ဘုရားဖူးအသင်းအဖွဲ့များ၊ ပဲခူး၊ မော်လမြိုင်၊ ဘားအံမြို့များမှ ဘုရားဖူးအဖွဲ့များကပါ လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးအားဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပိုမိုစည်ကားလျက်ရှိသည်။

နိဗ္ဗာန်ရည်မှန်း လှူဒါန်းလိုသူများအတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ မန္တလေးမြို့နေ ဦးသက်ကြည်-ဒေါ်ခင်ဝင်းမြင့် (စိန်ပွင့်မိသားစု)က ငွေကျပ် ၁၀ သိန်း၊ အမှတ်(၁၆) ရဲတပ်ရင်း မိသားစုက ငွေကျပ် ၅၅၅၅၅၀၊ မန္တလေးမြို့ အထက(၁၂) ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ငါးသိန်း လေးသောင်း၊ မန္တလေးမြို့နေ ဦးအောင်မြင့် - ဒေါ်လီလီမိသားစုက ငွေကျပ်လေးသိန်း၊ အမှတ်(၁၄)ရဲတပ်ရင်း မိသားစုကငွေကျပ် ၃၃၅၀၀၀၊ ငွေကံဆင့် ဆောက်လုပ်ရေးမိသားစု၊ မန္တလေးမြို့နေ ဦးဝင်းမြင့်-ဒေါ်မြမြသင်း မိသားစု၊ ပင်လည်ဘူးမြို့နေ ဦးမြင့်ကြိုင် မိသားစုနှင့် မန္တလေးမြို့ ဖူဂျီရှော့ပင်းစင်တာတို့က ငွေကျပ်သုံးသိန်းစီ အပါအဝင် အလှူရှင်များက လှူဒါန်းကြသည်။

ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ပြင်ဦးလွင်မြို့နေ ဦးမောင်ကြီး-ဒေါ်မြတ်မွန် (ပွိုင့်နေကြာမိသားစု)က ငွေကျပ်ငါးသိန်းနှင့် ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း၊ ဦးမြင့်ဆွေ-ဒေါ်မငယ်၊ (သမီး) မအေးနှင်းဦး၊ (သား) မောင်ထွန်းထွန်းဝင်း (ရာဇာအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမိသားစု)က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ စိန်လက်စွပ်တစ်ကွင်း၊ စိန်ဆွဲကြိုးတစ်ကုံး၊ ကျောက်စိမ်းလက်ကောက် တစ်ရန်၊ ကျောက်စိမ်းနားကပ် တစ်ရန်၊ ကျောက်စိမ်းငါးပွင့်၊ (ဦးစိန်-ဒေါ်တုတ်တုတ်) တို့အား ရည်စူး၍မန္တလေးမြို့နေ ဒေါ်တင်တင်ရွှေ၊ ဒေါ်တင်တင်ဌေး (မိုးသူအင်ဂျင်ဝိုင် မိသားစု)က ငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ ရွေးစိန်နှစ်ပွင့်ပါ လက်စွပ်တစ်ကွင်း၊ မြတန်းလက်စွပ်လေးကွင်း၊ နီလာဆွဲသီးတစ်လုံး၊ နီလာလက်စွပ်သုံးကွင်းနှင့်ငွေကျပ်တစ်သိန်း၊ (ဦးစိန်-ဒေါ်မြရင်) အားရည်စူး၍ မန္တလေးမြို့ တရုတ်တန်းနေ သမီးငယ် သုခမ္ဗသိဂီ ဒေါ်ကျင်ဌေး (ထိန်ငူချောင်းကျောင်းအမ)က ငွေကျပ် ၂၃ သိန်းတန်ဖိုးရှိ ရွှေလက်ကောက်သုံးကွင်း၊ မန္တလေးမြို့နေ ဦးဝင်းမောင်-ဒေါ်နန်းမာလာ (မိုးကုတ်ကျောက်မျက်ရတနာဆိုင် မိသားစု)က ငွေကျပ်သိန်း ၂၀ ငါးသောင်း တန်ဖိုးရှိ ကျောက်အမာရောင်စုံကြိုး တစ်ကုံး၊ စိန်ဖန်ချောင်လက်စွပ်တစ်ကွင်း၊ ဒေါ်နန်းမြင့်မြင့်ထွေး (Full House ရတနာဆိုင် မိသားစု)က ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ တွင်းထွက်ကျောက်ရွှေလက်စွပ်တစ်ကွင်း၊ တွင်းထွက်ချယ်ကျောက်ရောင်စုံတစ်ဘူး၊ ပတ္တမြား၊ မြ၊ စိန် လက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ ဦးတင့်ဆွေ-ဒေါ်ခင်သန်းနွဲ့ (Unison မိသားစု)က ငွေကျပ် ၁၅ သိန်း တန်ဖိုးရှိ စိန်ရွှေလက်ကောက်နှစ်ကွင်း၊ မန္တလေးမြို့နေ ဦးသက်ကြည်-ဒေါ်ခင်ဝင်းမြင့် မိသားစုက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ပုလဲဆွဲကြိုး၊ လက်ကောက်တစ်ရန်၊ နားကပ်တစ်စုံ၊ လက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ ဦးကျော်သီဦး-ဒေါ်သူဇာဦး၊ (သား) မောင်လင်းအောင် (ကျော်သီဟပွဲရုံ မိသားစု)က ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ နီလာဆွဲသီးတစ်ခု၊ နီလာတန်းကွင်းလက်စွပ်နှစ်ကွင်း၊ မန္တလေးမြို့နေ ဦးခွန်ကြည်-ဒေါ်ယဉ်ယဉ်နု၊ (သား) ကိုအောင်ကိုဇော် (ငွေခရုတံဆိပ် ရွှေဆိုင်းလုပ်ငန်း)မိသားစုက ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စိန်မြခြယ်ရွှေလက်စွပ်တစ်ကွင်း၊ ပခုက္ကူမြို့နေ ဒေါ်တင်အုန်း (နေနတ်သား ဆေးတိုက်)က ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ရွှေးစိန်ချွန်းနားကပ်တစ်ရန်၊ မန္တလေးမြို့နေ ဦးတင်ထွန်း-ဒေါ်မေသူဇာ သားသမီးမြေးတစ်စုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ကျောက်စိမ်းလက်စွပ်တစ်ကွင်း၊ ပြင်ဦးလွင်မြို့နေ မိခင်ဒေါ်ညိုအား ရည်စူး၍ သားသမီးမြေးတစ်စုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ရွှေကြယ်သီးငါးလုံး၊ ပုလဲဆွဲသီးတစ်လုံး၊ ပတ္တမြားလက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ ဦးညွန့်- ဒေါ်ခင်စိန် မိသားစုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ စိန်နားကပ်တစ်ရန်၊ လားရှိုးမြို့နေ ဦးဌေးလွင်-ဒေါ်ချိုလွင် မိသားစုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ စိန်လက်စွပ်တစ်ကွင်း၊ မန္တလေးမြို့နေ ဦးသန်းဌေးဦး-ဒေါ်သီသီအေး မိသားစုက ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ ပြောင်ခေါင်းစိန် တစ်လုံး အပါအဝင် အလှူရှင်များက လာရောက်လှူဒါန်းကြသည်။

ဒီဇင်ဘာ ၈ ရက်မှ ယနေ့ညနေ ၅ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၆၃၂၈၁၆၆၆၄ ကျပ်၊ အမေရိကန်ဒေါ်လာ ၅၈၉၇၊ ယူရို ၃၀၅၊ ထိုင်းဘတ် ၄၄၀၀၊ စင်ကာပူဒေါ်လာ ၁၂၅၉ ဒသမ ၅၀၊ တရုတ်ယွမ်၇၈၂၂ ဒသမ ၅၉၊ မလေးရှားရင်းဂစ် ၂၅၀၊ အက်ဖ်အီးစီယူနစ် ၂၈၇၊ အိန္ဒိယရူပီး ၅၆၈၊ အီဂျစ်ငွေ ၆၀၊ ကိုရီးယားဝမ် ၅၃၀၀၀၊ ဖိလစ်ပိုင်ပီဆို ၁၆၀၊ ဗီယက်နမ်ဒေါင်၁၃၄၀၀၊ အင်ဒိုနီးရှားရူပီး ၁၃၆၁၃၂၊ ဂျပန် ယန်း ၄၀၀၀၊ အင်္ဂလန်ပေါင် ၅၊ ကမ္ဘောဒီးယားရီယဲလ် ၄၀၀၀နှင့် ရွှေငွေ ကျောက်မျက်လက်ဝတ်ရတနာမျိုးစုံ ၂၅၃၇ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၄၈၈၆၉၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)





# ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူ

ရန်ကုန် ဒီဇင်ဘာ ၁၄

ရွှေဘုန်းပွင့်စေတီတော် ဆဋ္ဌမအကြိမ်ဘက်စုံ ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် စေတီတော်ရှိ ဓမ္မာရုံသစ်၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်ကိုယ်စား ကော်မတီအတွင်းရေးမှူး စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်က ပြုပြင်မွမ်းမံမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားတင်ပြကာ ဆရာတော်များက သြဝါဒစကား မြွက်ကြားကြသည်။

(သတင်းစဉ်)

# ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ မနော်ဟရီစပါးခင်း ရိတ်သိမ်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ကြည့်ရှုစစ်ဆေး

**စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ တောင်သူ ဦးဝ၏ မနော်ဟရီစပါးခင်းအား ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့သည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက် တိုက်တည်သက် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ပွဲသို့ တက်ရောက်ပြီး အထိမ်းအမှတ်ကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဠ္ဌိယက အထိမ်းအမှတ်ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာ တောင်သူ ဦးဝ၏ ကွင်းအမှတ်(၃၂၆၀) ဦးပိုင်အမှတ် (၁၇)ရှိ မနော်ဟရီစပါး ၄ ဒသမ ၀၀ ဧကအား 4GL-120 ရိတ်စက်ဖြင့် ရိတ်သိမ်းနေမှုနှင့် ခင်ဦးမြို့နယ် စည်ပုတ္တရာကျေးရွာ တောင်သူ ဦးအောင်ကြည်၏ ကွင်းအမှတ် (၂၃၀၉/၅) ရှိ မနော်ဟရီစပါး ၁ ဒသမ ၇၄ ဧက ရိတ်သိမ်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁၂ ရက် ညနေပိုင်းတွင် မုံရွာ-သာစည်-နောင်ကြီးအိုင်-မူးကမ်းကြီးလမ်းဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







**ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပျံကျဈေးသည်များအား စည်ပင်သာယာရေးဘဏ်လီမိတက်မှ ချေးငွေများ ထုတ်ပေးမှုကို ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းကျော်နှင့် ဈေးသာယာရေး ကော်မတီဥက္ကဋ္ဌတို့က ဈေးသည် ၆၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ချေးငွေများ ပေးအပ်စဉ်။** (ကြေးမုံ)

# အတုလမာရ်အောင် ငါးထပ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ မဟာသကျ အတုလမာရ်အောင် ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရား၏ (၁၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃ ရက်မှ ၇ ရက်ထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ဘုရားအမှူးပြုသော သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းနှင့်ပစ္စည်းများ လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သဖြင့် ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများအနေဖြင့် ငါးထပ်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၂၁၇၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

# တာချီလိတ်မြို့ မိခင်ကလေး အသိပညာဟောပြောပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဖြူဖြူညွန့်နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးတို့ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်းမ၌ တာချီလိတ်ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေနှင့် ကြက်ဥ၊ ပေါင်မုန့်၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ကာ အသင်းရုံးသားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လက်တွေ့ပြသ

**ဒီဇင်ဘာ ၄ ရက်က ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသော ရခိုင်တိုင်းရင်းသား ရိုးရာအစားအစာ ရခိုင်မုန့်တီချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဖြိုးပွင့်ဝေ လက်တွေ့ရှင်းလင်းပြသစဉ်။**

(မြို့နယ်ပြန်/ဆက်)



ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုမြှင့်တင်ဆောင်ရွက်ရေး စီမံချက်အဆင့်(၂)၏ (၇)ကြိမ်မြောက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပညာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှု မြှင့်တင်ဆောင်ရွက်ရေးစီမံချက်အဆင့်(၂)၏ (၇)ကြိမ်မြောက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ် Fantastic ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှု (CCA)ပုံစံဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဤစီမံချက်အရ ပြုစုထားသော လက်စွဲစာအုပ်များကို ဆက်လက်အသုံးပြုမည်ဖြစ်ကြောင်း၊ ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းခွင်ကြို ဆရာအတတ်သင်တန်းများတွင် ထည့်သွင်းလေ့ကျင့်သင်ကြားပေးခြင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုလေ့လာခြင်းနှင့် ဆရာများ၊ ကျောင်းစစ်ဆေးရေးအဖွဲ့များက စနစ်တကျစစ်ဆေးကြပ်မတ်ခြင်း စသည့် လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် JICA မြန်မာရုံးမှ ဌာနေကိုယ်စားလှယ် Mr. Masahiko Tanaka က အမှာစကားပြောကြားပြီး အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စီမံချက်ဆိုင်ရာမှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထားစာရွက်စာတမ်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ (၃/၂၀၁၁)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၁၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၂၀ ၇။ အဆိုပြိုင်ပွဲ
၈း၃၀ ၈။ အကပဒေသာ’
၈း၄၀ ၉။ **International News**
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၅ ၄။ အတီးပြိုင်ပွဲ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၂၀ ၈။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅း၄၀ ၉။ “တောင်သူဘဝ ဆတိုး အကျိုးခံစား စပ်မျိုးစပါး” (အပိုင်း-၁)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ “မျဉ်း”(အပိုင်း-၅)**
၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နဲ့အမုန်း” (ဒုတိယတွဲ) (အပိုင်း-၁၄)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ အစာလည်းဆေး၊ ဆေးလည်းအစာ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေးနောက်ဆုံးချစ်ပုံပြင်” (ဒုတိယတွဲ) (အပိုင်း-၂၆)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၁၆)**
၂၁။ အစီအစဉ်ပြီး၏။

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အတွင်းရေးမှူးအား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး ဦးကိုကိုထွန်းအား ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. Peter Wilson **(အောက်ပုံ)**နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Richard Heyn တို့သည် ယနေ့ ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးဆောင်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ၊ ဆန်းစစ်၊ သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီ၏ (၃/၂၀၁၁) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီ တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များသည် ထိုက်သင့်သည့် အောင်မြင်မှုများရရှိနေကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပထမဆုံးဆောင်ရွက်သော အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်၍ အလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ရန်နှင့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပြီး သိသိသာသာ အောင်မြင်မှုရအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ရုံသာမက မြေပြင်တွင်ကွင်းဆင်း၍ ၎င်းတို့၏ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးဖေသိန်းက ဆပ်ကော်မတီအလိုက် နိုဝင်ဘာလကုန်အထိ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဆပ်ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ရန်ကုန်တိုင်းဒေသကြီး ကြက်သားလက်လီလက်ကားရောင်းချမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကြက်သားလက်လီလက်ကားရောင်းချမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းက စားသုံးသူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ကြက်သားကုန်စည်ဒိုင်များမှ တာဝန်ရှိသူများ၊ မင်္ဂလာတောင်ညွန့်နှင့် ကြည့်မြင်တိုင် ကမ်းနားဈေး ကြက်ဘဲဒိုင်များမှ အမှုဆောင်အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ရန်ကုန်မြို့တော်ဝန်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်သော မောင်ဇွဲအောင်ရှိန်းအား ဆုချီးမြှင့်စဉ်။ (၆၈၄)

# လှိုင်သာယာမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝေါလ်ဗွီးရှင်း (မြန်မာ)တို့ကကြီးမှူး၍ ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က လှိုင်သာယာမြို့နယ် နဝဒေးရေကူးကန်ခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ မြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆေးရုံအုပ် ဒေါက်တာခင်ရှုပါစိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် မသန်စွမ်းသူများက အားမာန်ပါတေးသီချင်းများကို သံပြိုင်သီဆိုကြကာ အားကစားပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။ (၃၂၉)

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲ မကွေး၌ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မကွေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ခွဲစိတ်ကုသခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်စန်းစန်းမြင့်က လက်ခံသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအတွင်းရှိ အလှူရှင်များကလည်း စုပေါင်း၍ စုစုပေါင်း ငွေကျပ် ၁၀၉ သိန်း ကိုးထောင်ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သင်ကြားရေးဆေးရုံကြီး၌ ကုသမှုခံယူနေကြသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ပြီးလူနာများနှင့် ခွဲစိတ်မည့်လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဘရာဇီးနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံအကြား နိုင်ငံရေးနှင့် သံတမန်ရေးရာဆက်ဆံရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

**✻ ကျောဖုံးမှ**

အနွေးထည် ၃၅၆၀၊ WFP က ဆန် ၃၄၃ ဒသမ ၈၇ တန်၊ ကုလားပဲ ၄၃ ဒသမ ၈၆၂ တန်၊ ဆီ ၂၂ ဒသမ ၁၇ တန်၊ ဆား ၃ ဒသမ ၆၅၅ တန်၊ UNHCR က ယာယီအဆောက်အအုံ အလုံး ၂၇၀၊ စောင် ၁၄၅၉ ထည်၊ ခြင်ထောင် ၁၄၅၉ လုံး၊ မီးဖိုချောင်သုံးပစ္စည်းစုံ ၇၅၅ စုံ၊ တာပေါ်လင်စ ၇၅၅ စ၊ UNICEF က အရေးပေါ်ကျန်းမာရေး ဆေးနှင့်ဆေးပစ္စည်းပုံး ၃၀ နှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းမျိုးစုံတို့ကို ပေးပို့ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

ထို့မှုမက ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ငြိမ်းဖောင်ဒေးရှင်းက ငွေကျပ် ၄၉၅၅၃၀၃၀ တန်ဖိုးရှိ စာရေးကိရိယာ၊ ဆပ်ပြာ၊ ခြင်ထောင်များ၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ငွေကျပ် ၂၅၅၂ သိန်း တန်ဖိုးရှိ အထွေထွေထောက်ပံ့မှုများ၊ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) က ငွေကျပ် ၁၂၀၀၀၀၀၀ တန်ဖိုးရှိ ငွေသားနှင့် အထွေထွေထောက်ပံ့မှုများ၊ World Vision က ငွေကျပ် ၄၉၂၂၇၀၀၀ တန်ဖိုးရှိ အထွေထွေပစ္စည်းမျိုးစုံ ၁၈ မျိုး၊ ကရုဏာ(မြစ်ကြီးနား) လူမှုဖွံ့ဖြိုးရေးအသင်း (KMSS) က ငွေကျပ် ၉၂၃၀၀၀၀၀ တန်ဖိုးရှိ အထွေထွေပစ္စည်းများ၊ Swiss Aids က ထောက်ပံ့ငွေကျပ် ၄၀၀၀၀၀ နှင့် World Concern က စာရေးကိရိယာနှင့် အဝတ်အထည်များကိုလည်း အသီးသီးထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်သူများကလည်း ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စုများအတွက် ငွေကျပ် ၃၂၀၉၂၀၀၀ တန်ဖိုးရှိ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ ဆေးဝါး၊ ကျောင်းသုံးပစ္စည်းများနှင့် ငွေသားကျပ် ၂၈၆၄၃၀၀၀၊ ကချင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၉၉၈၃၃၅၃၀ တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများနှင့် ငွေသားကျပ် ၂၃၀၁၄၄၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ငွေကျပ် သိန်း ၁၆၅၀ တန်ဖိုးရှိ မိသားစုသုံး၊ မီးဖိုချောင်သုံးအထွေထွေပစ္စည်းများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း ၅၀၀ တန်ဖိုးရှိ ပစ္စည်းမျိုးစုံနှင့် ငွေသားကျပ် ၃၃၇ သိန်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ငွေသားကျပ်သိန်း ၇၀၀ တို့ကို အသီးသီးထောက်ပံ့ပေးခဲ့သည်။ ကချင်ပြည်နယ်အတွင်း လုံခြုံရေးအရ ယာယီပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုများအတွက် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၏ ထောက်ပံ့မှုစုစုပေါင်းမှာ ငွေသားကျပ်သိန်း ၂၆၈၀ နှင့် ငွေကျပ် ၁၂၂၂၅ သိန်း တန်ဖိုးရှိ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါးနှင့် ကျောင်းသုံးပစ္စည်းမျိုးစုံတို့ဖြစ်ကြောင်း သိရှိရသည်။

အနီးကပ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီစောင့်ရှောက်ရေးစခန်းများ၌ နေထိုင်စားသောက်ရေးများကို စနစ်တကျ ဖြည့်ဆည်းပံ့ပိုးကူညီပေးလျက်ရှိသည့်အပြင် ကလေးငယ်များ၏ ပညာသင်ကြားရေးအတွက်ပါ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်နယ်အတွင်း ပဋိပက္ခကြောင့် မြို့နယ် ၁၀ ခုမှ ကျောင်းသားပေါင်း ၇၈၇၂ ဦး ပညာသင်ကြားနေသည့် စာသင်ကျောင်းပေါင်း ၅၁ ကျောင်း ပိတ်ထားခဲ့ရရာ ယင်းကျောင်းသားများအနက် ယာယီစောင့်ရှောက်ရေးစခန်းများသို့ ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူမှန်သမျှကို ပညာဆက်လက်သင်ယူနိုင်စေရန် ပြည်နယ်အစိုးရက ယာယီစာသင်ကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ယာယီစာသင်ကျောင်းများတွင် ယာယီစောင့်ရှောက်ရေးစခန်းများမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၁၅၃ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိကြကြောင်း သိရှိရသည်။

ထို့ပြင် စောင့်ရှောက်ရေးစခန်းနေ မိသားစုများ၏ ကျန်းမာရေးအတွက်လည်း ဆေးခန်းများ စနစ်တကျဖွင့်လှစ်ပြီး အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရှိရသည်။

လက်ရှိအခြေအနေတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် အစိုးရဌာနများ၊ ပြည်တွင်း လူမှုအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက လူမှုရေးအထောက်အပံ့ပစ္စည်းများ ပေးပို့ထောက်ပံ့လျက်ရှိသည့်အတွက် စခန်းနေပြည်သူများ၏ နိစ္စဓူဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်လျက်ရှိသော်လည်း ဆောင်းရာသီရောက်လာပြီဖြစ်သည့်အတွက် အအေးဒဏ်ကာကွယ်နိုင်ရန် စောင်နှင့်အနွေးထည်များ လိုအပ်မှုရှိနေသေးကြောင်း၊ ယာယီတဲတန်းလျားများတွင် အိမ်ထောင်စုများ ရောပြွမ်းနေထိုင်ရသဖြင့် ကလေးငယ်ရှိသော မိသားစုများအဖို့ အခက်အခဲများနှင့် ရင်ဆိုင်နေကြရကြောင်း၊ တစ်ဦးချင်းမေးမြန်းချက်များအရ ဒေသခံပြည်သူ အားလုံးလိုလိုသည် မိမိတို့ နေရင်းရပ်ရွာဒေသများသို့ အမြန်ဆုံးပြန်လိုသည့်ဆန္ဒ ပြင်းပြလျက်ရှိကြကြောင်း၊ အထူးသဖြင့် ကလေးငယ်များ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုကို ခံစားကြရပြီး သက်ကြီးပိုင်းတွင်လည်း မိမိကိုယ်ကို ယုံကြည်မှုလျော့နည်းလာကာ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိသည့် ခံစားချက်များ ရှိနေကြကြောင်း သိရှိရသည်။

ရပ်ရွာစွန့်ခွာတိမ်းရှောင်လာသော ပြည်သူ ၁၄၀၀၀ ကျော်တို့သည် မိမိတို့ရပ်ရွာ၊ အိုးအိမ်၊ လယ်ယာမြေ၊ စိုက်ခင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ အခြားပိုင်ဆိုင်မှုများကို မတတ်သာ၍ စွန့်ခွာခဲ့ကြရခြင်းဖြစ်ရာ ၎င်းတို့အားလုံးတွင် လူမှုရေး၊ စီးပွားရေး၊ စိတ်ဓာတ်ရေးအရ များစွာထိခိုက်ခံစားနေကြရကြောင်း သိရှိရသည်။

ယခုအခါ စပါးရိတ်သိမ်းချိန်ရောက်ရှိနေပြီဖြစ်သည့်အတွက် ယာယီစောင့်ရှောက်ရေးစခန်းများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ မူရင်းနေထိုင်ရာ ရပ်ရွာဒေသများတွင် အေးချမ်းစွာ ပြန်လည်နေထိုင်ခွင့်ရရှိရန် အထူးလိုလားတောင့်တလျက်ရှိကြပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမျှော်လင့်လျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အနီးကပ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသော ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီစောင့်ရှောက်ရေးစခန်းများ၌ နေထိုင်စားသောက်ရေးများကို စနစ်တကျ ဖြည့်ဆည်းပံ့ပိုးကူညီပေးလျက်ရှိသည့်အပြင် ကလေးငယ်များ၏ ပညာသင်ကြားရေးအတွက်ပါ စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။**

# ဗိုလ်တထောင်စေတီတော် (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဗိုလ်တထောင်စေတီတော် (၃၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၉ ရက်မှ စတင်ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဗိုလ်တထောင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို စေတီတော်ဂေါပကအဖွဲ့ဦးစီး၍ နှစ်စဉ် နတ်တော်လ၌ ကျင်းပခြင်းဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရာတွင် ဗုဒ္ဓပူဇာပွဲ၊ ဓမ္မပူဇာပွဲ၊ သံဃာ့ပူဇာပွဲများဖြင့် ကျင်းပသကဲ့သို့ ဇာတ်အဖွဲ့၊ ဆပ်ကပ်အဖွဲ့များလည်း ထည့်သွင်းကျင်းပရာ ပွဲတော်လာပြည်သူများ အထူးစည်ကားလျက်ရှိသည်။ (ချိုရည်မွန်ထွန်း)

# ခေါင်းရွက်ဗျပ်ထိုးပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ခေါင်းရွက်ဗျပ်ထိုး ပျံကျဈေးသည်များနှင့် အနေ့းယာဉ်လုပ်သားများအား အထူးသက်သာသော အတိုးနှုန်းဖြင့် ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိသည်။

ယင်းအစီအစဉ်ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလမှစ၍ အကောင်အထည်ဖော်ခဲ့ပြီး ယနေ့အထိ ချေးငွေကျပ် ၁၇၃၇၆ ဒသမ ၈ သိန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၁၈၀ မှတစ်ဆင့် ပျံကျဈေးသည် ၂၇၆၇၆ ဦးထံ ထုတ်ချေးပေးခဲ့ကာ အတိုးနှုန်းမှာ တစ်လလျှင် ငွေကျပ် ၁၀၀ အတွက် ငွေနှစ်ကျပ်နှုန်းဖြစ်သည်။

ထိုသို့ချေးငွေများ ဆောင်ရွက်ပေးမှုအပေါ် ဆင်းရဲသူအများစုက နှစ်ထောင်းအားရ ကျေနပ်မှုရှိကြောင်းနှင့် ချေးငွေရယူလိုသူ၊ ဆင်းရဲသူ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အနေ့းယာဉ်လုပ်သားများအနေဖြင့် သက်ဆိုင်ရာမြို့နယ်စည်ပင်သာရေးအဖွဲ့များမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၂-၂၀၁၁ (ကြာသပတေးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ “ကြောင်းကျိုးဆက်ကြ သုံးဘဝ” တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ”(အပိုင်း-၅၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၉)**
- ၈း၅၀ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၃)
- ၈း၅၅ ငွေရတုသို့တိုင်ခဲ့ပြီ အထက ရေကြည်
- ၉း၁၅ ပေါင်းစုလို့နွဲပျော်. . . ရန်ကုန်သစ်၏ကထိန်အလှူတော်
- ၉း၃၀ Intellectual Talk
- ၁၀း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၀ Activities In The City
- ၁၁း၁၅ ဖန်တီးသူ၏ပညာစွမ်းမှသည်. . လှပသော ဘဝများဆီသို့
- ၁၁း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၃၀)**
- ၁၂း၂၅ ဆန်းပြားစုံညီ လှကေရီကိုပုံဖော်ခြင်း
- ၁၂း၄၅ ဒီပင်္ကရာ ဘုရားပွဲတော် (ကြံခင်းမြို့)
- ၁း၀၀ “ကြောင်းကျိုးဆက်ကြ သုံးဘဝ” တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၅၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၉)**
- ၄း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ချိန်း”
- ၅း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၃၀)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “စိတ်၏စေရာ” (အပိုင်း-၅၇)**
- ၇း၁၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အနုပညာမိုးကောင်းကင်
- ၈း၅၀ FG-ABU Workshop on Broadcasting Technologies for ASEAN Region
- ၉း၀၅ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၁၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၄)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပန်းသုံးပွင့်လေညွှန်ရာ” (အပိုင်း-၁၀)**
- ၁၀း၂၀ The Champion of Dance
- ၁၁း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သံစဉ်ချိုအိပ်မက်လေး” (အပိုင်း-၃၁)**
- ၁၁း၄၀ ဂီတသရုပ်ပြခန်း (ထက်နေကြည်)
- ၁၂း၀၅ သာယာဖွံ့ဖြိုး. . . တိုးတက်ဝေစည်. . . ဧညဝတီ
- ၁၂း၂၅ သီးနှံစိုက်ပျိုးအထွက်တိုး “စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့”
- ၁၂း၃၀ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၁း၀၀ အရည်အသွေးပြည့်ဝသည့် သာယာဝတီမြို့မှ စက်မှု(၁)၏ ကြွေပြားအလှ
- ၁း၁၅ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁း၃၅ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၂း၂၅ လှပချစ်စရာလက်မှုအနုပညာ
- ၂း၅၀ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၃း၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၁၀ မြန်မာ့ရုပ်ရှင်လုပ်ငန်းသမိုင်း
- ၄း၃၀ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၄း၄၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၅း၀၀ အစီအစဉ်ပြီး။

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီက အင်းစိန် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းကျန်းမာရေး ခရိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လူမှုရေးအသင်းအဖွဲ့များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားကာ ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။ (၆၈၄)

**ရန်သူမီးဘေး တားဆီးရေး မနေ့း ဆောင်ရွက်ကြ**

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၄

**ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းနှင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ဒီဇင်ဘာလူထုအားကစားလတွင် မြို့ပြသာမက ကျေးရွာပြည်သူလူထုအထိ ပါဝင်လှုပ်ရှားရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။**

ဆက်လက်၍ ၂၀၁၂ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဇော်လင်းထွန်းက ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်၍ စနစ်တကျဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအထိ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပခြင်း၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခြင်းဖြင့် ပြည်နယ်တစ်ခုလုံးရှိ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆင်နွှဲကြစေရေး စီမံဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၁၁ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် စစ်တွေ(က) ခရိုင်အသင်းနှင့် သံတွဲခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စစ်တွေ(က) ခရိုင်အသင်းက သံတွဲခရိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက နေရာအလိုက်အကောင်းဆုံးဆုရရှိကြသူများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု ရရှိသူများအား လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအောင်ကျော်မင်းက ဒုတိယဆုရ သံတွဲခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ ရက္ခပူရ ဘောလုံးအသင်းပိုင်ရှင် ဦးဇော်မင်းသိန်းက ပထမဆုရ စစ်တွေ(က)ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သိန်း ၂၀ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ စစ်တွေ(က)ခရိုင်အသင်းအား ပထမတံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ ပြိုင်ပွဲဝင်ဟော်ကီတုတ်များ ပါကစ္စတန်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်သို့ ပါကစ္စတန်သမ္မတနိုင်ငံက ပြိုင်ပွဲဝင်ဟော်ကီတုတ်များ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး၌ ကျင်းပသည်။

လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E.QAZI M.KHALIL ULLAHက မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်သည် ယခုအချိန်တွင် ဒုတိယအကြိမ် အရှေ့တောင်အာရှ အမျိုးသားဟော်ကီပြိုင်ပွဲ ကျင်းပနေသည့်အချိန်တွင် ပါကစ္စတန်နိုင်ငံက ဟော်ကီတုတ်တစ်ချောင်းလျှင် အမေရိကန်ဒေါ်လာ ၁၀၀တန်ဖိုးရှိ တုတ်အချောင်း၅၀ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးက ဟော်ကီတုတ်များလှူဒါန်းရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးထင်ဇော်ဝင်းနှင့် နိုင်ငံခြားဆက်ဆံရေးမှူးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဝင်းတို့က လက်ခံရယူကြောင်းသိရသည်။**(အပေါ်ယာပုံ)**(၁၉)





# ဒို့ကျေးရွာဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒို့ကျေးရွာ ဂျာနယ် အတွဲ(၈)၊ အမှတ် (၂၄)ထွက်ရှိလာပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် သီးနှံများမပျက်စီးအောင် စနစ်တကျသိုလှောင်၊ ငရုတ်တစ်ပင် ဘူးတစ်စင်၊ စပါးအထွက်ပန်းတိုင်ရစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ သွားလာမှုလွယ်ကူပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်၊ လူသာလျှင် သမိုင်း၏အရှင်သခင်ဖြစ်တော့သည်၊ ကျွန်တော့် ကျေးလက်ကျောင်းဆရာ ကျွန်တော်စာကြည့်တိုက်မှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး နို့စားနွားတွေ တိုးချဲ့မွေး၊ ဥစားကြက်များ ဥဥနှုန်း မကျဆင်းရေး ကာကွယ်ပြုစုပေး၊ အာဟာရနှင့် ဆေးဖက်ဝင် ကျောက်ဖရုံပင်၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် အူမကြီးကင်ဆာ၊ ဘင်္ဂလားဒေ့ရှ် အာလူးစိုက်တောင်သူများ၏ မျှော်လင့်ချက်ရောင်ခြည်သစ်တို့ ပါဝင်သည်။ ဂျာနယ်ကို အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်၍ ကြော်ငြာ၊ စာမူပေးပို့နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

**ယနေ့ နံနက် ၉ နာရီခွဲအအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် နမ့်စန်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ထူးခြားသည့်အခြေအနေ**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကန်ဆန်ကျွန်း၏ တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်- အနောက်တောင်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

# ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

၂၀၁၁ ခုနှစ် ကယားပြည်နယ် ဒီမောဆိုမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက်တွင် ဒီမောဆိုအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဆောင်ဒူလာကျေးရွာအသင်းက ဟိုဝမ်ကျေးရွာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ငွေတောင်(က)ရပ်ကွက်အသင်းနှင့် သေးဆူလဲရပ်ကွက်အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

ဒီဇင်ဘာ ၁၄ ရက်တွင် ဆိုဘောသဲကျေးရွာအသင်းနှင့် မြလဲကျေးရွာအသင်း၊ ဒေါရောက်ခူ ကျေးရွာအသင်းနှင့် စံပြ(၆)မိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မှုခင်းကင်းစင်ရေး ပဲခူးမြို့၌ ဟောပြော

**ပဲခူး ဒီဇင်ဘာ ၁၄**

မှုခင်းကင်းမဲ့လ (CRIME FREE MONTH) အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂ ရက်က ပဲခူးမြို့ ကလျာဏီရပ်ကွက်၌ ကျင်းပရာ ဒုတိယရဲမှူး တင်ဝင်းက အမှာစကားပြောကြားပြီး ဒုတိယရဲမှူး ရဲဝင်းအောင်၊ ဒုတိယရဲမှူး တင်အေး၊ ရဲအုပ် ကျော်ဇေယျ၊ ဥပဒေအရာရှိ ဦးသန်းဦး၊ ရဲအုပ် စိန်လွင်တို့က မှုခင်းမဖြစ်ပွားရေး အသိပညာပေး ဟောပြောကြကြောင်း သိရှိရသည်။

**(အပေါ်ပုံ)** (မြို့နယ်ပြန်/ဆက်)

နေအိမ်တိုင်းမှာ
မီးသုံးတာ
မြဲစွာ သတိရှိပါ

# အာဆင်နယ်နောက်ခံလူ အန်ဒရီဆန်းတို့စ် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလခန့် အနားယူရတော့မည်

**လန်ဒန် ဒီဇင်ဘာ ၁၄**

အာဆင်နယ်အသင်း၏ ဘယ်နောက်ခံလူ အန်ဒရီဆန်းတို့စ်သည် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်ဖြစ်သည့် အိုလံပီယာကော့စ်နှင့် ကစားခဲ့သည့် ပွဲစဉ်အတွင်း ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ဘောလုံးကစားခြင်းမှ သုံးလခန့် အနားယူရတော့မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းမှ တာဝန်ရှိသူများက ဆိုသည်။**(အောက်ပုံ)**

အသက် (၂၈)နှစ်ရှိ ဆန်းတို့စ်သည် ယင်းပွဲစဉ်၏ ပွဲကစားချိန် ၅၁ မိနစ်တွင် အဆိုပါ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယင်းအတွက်ကြောင့် ဆန်းတို့စ်သည် ယခု ရက်သတ္တပတ်အတွင်း ဘရာဇီးသို့သွားရောက်၍ ဆေးကုသမှုခံယူမည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ်အသင်း၏ နောက်ခံလူများဖြစ်ကြသည့် ကားလ်ဂျန်ကင်ဆင်၊ ကီရန်ဂစ်ဘ်နှင့် ဆဂ္ဂနာတို့မှာလည်း ဒဏ်ရာကြောင့် အနားယူနေရသည်။ ကီရန်ဂစ်ဘ်သည် အူကျရောဂါကြောင့် လွန်ခဲ့သည့်လက ခွဲစိတ်မှုခံထားရပြီး အနည်းဆုံး နောက်ထပ်ရက်သတ္တနှစ်ပတ်ကျော်ခန့် ဆက်လက်အနားယူရဦးမည်ဖြစ်သည်။ ဆဂ္ဂနာသည်လည်း အောက်တိုဘာလအတွင်းက ရရှိခဲ့သော လက်ကျိုးခဲ့သည့် ဒဏ်ရာကြောင့် ယခုအချိန်အထိ ပွဲထွက်ကစားခြင်း မပြုနိုင်သေးပေ။



အာဆင်နယ်အသင်း၏ တိုက်စစ်မှူး ဗန်ပါစီဂိုးသွင်းခြေမြူးနေသဖြင့် တိုက်စစ်ပိုင်းအတွက် ပူပင်စရာမရှိသော်လည်း နောက်ခံလူများ ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရခြင်းကြောင့် ခံစစ်ပိုင်းတွင် လစ်ဟာမှုရှိနေသည်။ ထို့ကြောင့် နည်းပြ အာစင်ဝင်းဂါးသည် ထိုပြဿနာကို မည်သည့်နည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည်နှင့် ယင်းကဲ့သို့လစ်ဟာမှုကို မည်သို့အစားထိုးမည်ဆိုသည်ကို လာမည့်အပြောင်းအရွှေ့ဈေးကွက်တွင် စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **အင်တာနက်။**

# ဖူလ်ဟမ်နှင့်ပွဲက ပြစ်မှုနှစ်ခုကို အယူခံဝင်နိုင်ရန် လီဗာပူးအသင်းအား အက်ဖ်အေ အချိန်တိုးမြှင့်ပေး

**လန်ဒန် ဒီဇင်ဘာ ၁၄**

ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်အတွင်း ဖူလ်ဟမ်နှင့် ကစားခဲ့ရသည့်ပွဲစဉ်အတွင်း ရှုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သဖြင့် လီဗာပူးအသင်းအား အက်ဖ်အေက ပြစ်မှုနှစ်ခုကို စွဲချက်တင်ခဲ့သည်။

အဆိုပါပွဲစဉ်၌ လီဗာပူးအသင်းသည် အသင်းသားများအား ကောင်းမွန်စွာ မအုပ်ချုပ်နိုင်ဟူသော စွဲချက်နှင့် လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်၏ ဖူလ်ဟမ်ပရိသတ်များအား အမူအရာဖြင့်ဆဲဆိုခဲ့သည့် ပြစ်မှုနှစ်ခုအတွက် ယခုရက်သတ္တပတ်အတွင်း အယူခံဝင်ရန် သတ်မှတ်ခဲ့သော်လည်း အက်ဖ်အေက အချိန်တိုးမြှင့်ပေးခဲ့သည်။

ထို့ပြင် ဆွာရက်ဇ်သည် အောက်တိုဘာလအတွင်းက ကစားခဲ့သော မန်ယူနှင့် ပွဲစဉ်အတွင်း မန်ယူနောက်ခံလူ အီဗရာကို ဆဲဆိုခဲ့သည့်အတွက် အက်ဖ်အေ၏ အရေးယူခြင်းကို ခံခဲ့ရသည်။

ယင်းအပြင် လီဗာပူးအသင်းသည် အသင်း၏ ဝတ်စုံများကို စပွန်ဆာပေးမည်ဆိုသည့် AON ကုမ္ပဏီနှင့် နားလည်မှုရယူထားသဖြင့် အသင်းပရိသတ်များ၏ ဝေဖန်မှုကို ရင်ဆိုင်နေရသည်။ AON ကုမ္ပဏီသည် လက်ရှိအချိန်တွင် ပြိုင်ဘက်မန်ယူအသင်းအား တစ်နှစ်လျှင် ပေါင်သန်း ၂၀ ဖြင့် စပွန်ဆာပေးနေသည်။ ထို့ကြောင့် လီဗာပူးပရိသတ်များက ပြိုင်ဘက်အသင်း၏ စပွန်ဆာကုမ္ပဏီနှင့်အတူတွဲ၍ လုပ်ကိုင်ခြင်းသည် ကိုယ့်ဂိုးကိုယ်သွင်းသည်နှင့် အလားသဏ္ဌာန်တူသည်ဟု ဝေဖန်ခဲ့ကြသည်။

**အင်တာနက်။**

# နော့ဝှစ်တိုက်စစ်မှူး ဟော့ဂန် အချိန်စော၍ ဒဏ်ရာမှ ပြန်လည်သက်သာလာ

**လန်ဒန် ဒီဇင်ဘာ ၁၄**

အဲဗာတန်အသင်းမှ နော့ဝှစ်သို့ ပေါင် ၁ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် ဂျိမ်းစ်ဟော့ဂန်သည် စက်တင်ဘာလအတွင်းက ဆန်းဒါးလန်းနှင့် ယှဉ်ပြိုင်ခဲ့ရသော ပွဲစဉ်အတွင်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် ခွဲစိတ်မှုခံယူခဲ့ရပြီးနောက် လာမည့်မတ်လအထိ အနားယူရမည်ဟု သတ်မှတ်ခဲ့သော်လည်း နောက်လအစောပိုင်းတွင် ပြန်လည် ကစားနိုင်တော့မည်ဖြစ်သည်။

အသက် (၂၃)နှစ်အရွယ် ဟော့ဂန်သည် နော့ဝှစ်အသင်း၏ အဓိကအားထားနေရသည့် တိုက်စစ်မှူးဖြစ်ခြင်းကြောင့် အဆိုပါသတင်းသည် နော့ဝှစ်အသင်းအတွက် သတင်းကောင်းတစ်ခုပင်ဖြစ်သည်။

**အင်တာနက်။**

ဟိုင်းထက်လင်း

# တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူအားလုံး စံချိန်မီအရည်အသွေးရရှိစေရေး အားထုတ်ကြိုးပမ်း

## အလွတ်ကျက်နှုတ်တိုက်ဖြေဆိုခြင်းမှ လွတ်မြောက်အောင် ကလေးဗဟိုပြုသင်ကြားရေးကို ထိထိရောက်ရောက်ဆောင်ရွက်

## အင်္ဂလိပ်စာသည် ကမ္ဘာတွင် သင်ကြားအသုံးဝင်မှု အများဆုံးဘာသာရပ်ဖြစ်၍ အမှန်တကယ်တတ်မြောက်စေရန် သင်ကြားပေး

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိကြသည်။**

ဒုတိယသမ္မတနှင့် ဇနီးတို့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု၊ သိပ္ပံလက်တွေ့ခန်း၊ စာကြည့်ခန်း၊ ကွန်ပျူတာခန်း၊ Language Lab နှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပညာရတနာခန်းမ၌ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် မိမိတို့၏ခရီးစဉ် ရည်ရွယ်ချက်မှာ နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော ပညာရေးလုပ်ငန်းအခြေအနေများအား သိရှိနိုင်စေရေးနှင့် အခြေခံပညာအထက်တန်းကျောင်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ သိပ္ပံလက်တွေ့ လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံပညာကျောင်းအမြောက်အမြား ဖွင့်လှစ်ခဲ့ပြီးဖြစ်သကဲ့သို့ တိုးတက်များပြားလာသည့် ကျောင်းသား၊ ကျောင်းသူဦးရေနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဆရာ၊ ဆရာမဦးရေအများအပြားကိုလည်း တိုးမြှင့်ခန့်အပ်ခဲ့ပြီး ဖြစ်ကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ ဆရာ၊ဆရာမများ လိုအပ်ဆဲဖြစ်ကြောင်း၊ ဆရာနှင့် ကျောင်းသားအချိုးများပြားပါက သင်ကြားမှုဆိုင်ရာ အားနည်းချက်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် အဆိုပါအချိုး လျော့ကျစေရန် ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်ကြောင်း။

အခြေခံပညာ အထက်တန်းကျောင်းများတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်း ကောင်းမွန်လာစေရန် ကျောင်းတိုင်းကျောင်းတိုင်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည်မှာ ကောင်းမွန်ပါကြောင်း၊ သို့ရာတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်လာသော ကျောင်းသား၊ ကျောင်းသူများအားလုံး စံချိန်မီ အရည်အသွေး ရရှိစေရေးကိုလည်း အားထုတ်ကြိုးပမ်းစေလိုကြောင်း။

အားနည်းနေသောပညာရေးစနစ် မြှင့်တင်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အခြေခံပညာအဆင့်ရော အဆင့်မြင့်ပညာအဆင့်အတွက်ပါ ပြုပြင်ပြောင်းလဲရမည့် အကြံပြုချက်များ ထွက်ပေါ်လာပါကြောင်း၊ တပည့်များ အမှန်တကယ်တတ်ကျွမ်းလာစေရေးအတွက် ဆရာ၊ ဆရာမများ၏ အရည်အသွေး တိုးတက်ကောင်းမွန်လာရေး၊ ကျောင်းသား၊ ကျောင်းသူများ အလွတ်ကျက် နှုတ်တိုက်ဖြေဆိုခြင်းမှ **စာမျက်နှာ ၈ ကော်လံ ၁ သို့✤**

# ယခုအခါ စပါးရိတ်သိမ်းချိန်ရောက်ရှိနေပြီဖြစ်သည့်အတွက် ယာယီစောင့်ရှောက်ရေးစခန်းများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ မူရင်းနေထိုင်ရာ ရပ်ရွာဒေသများတွင် အေးချမ်းစွာ ပြန်လည်နေထိုင်ခွင့်ရရှိရန် အထူးလိုလားလျက်ရှိ

## နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်ချက်များအပေါ် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမျှော်လင့်နေ

နေပြည်တော် ဒီဇင်ဘာ ၁၄

**နိုင်ငံတော်အစိုးရအနေဖြင့် ကချင်ပြည်နယ်အတွင်း ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့အား အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဒေသတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးငှာလည်းကောင်း၊ ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေးအတွက်လည်းကောင်း ရှေးရှု၍ KIA/KIO အဖွဲ့နှင့် ထိတွေ့ဆောင်ရွက်စေလျက်ရှိသည်။ ထိုသို့ ငြိမ်းချမ်းရေး ဆွေးနွေးရေး ဆောင်ရွက်ရာတွင် နှစ်ဦးနှစ်ဖက် ယုံကြည်မှုရရှိစေရန်အတွက် တပ်မတော်စစ်ကြောင်းများအနေဖြင့် ခုခံကာကွယ်ခြင်းမှအပ ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ တပ်ရွှေ့ပြောင်းခြင်းများမပြုလုပ်ရန် ဒီဇင်ဘာ ၁၀ ရက်တွင် နိုင်ငံတော်သမ္မတရုံးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ လမ်းညွှန်ထားရှိပြီး ဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကလည်း ဒေသအတွင်းရှိ တပ်ရင်းတပ်ဖွဲ့ စစ်ကြောင်းအသီးသီးအထိ ထပ်ဆင့်ညွှန်ကြားထားပြီး ဖြစ်ကြောင်း သိရှိရသည်။ တစ်ဖက်ကလည်း ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များက ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် အထူးကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။**

ဗန်းမော်ခရိုင်အတွင်းရှိ မိုင်ဂျာယန်နယ်မြေများ၌ ဖြစ်ပွားလျက်ရှိသော လတ်တလော ပဋိပက္ခကြောင့် နယ်မြေလုံခြုံရေးအရ တိမ်းရှောင်လာသည့် မိသားစုများအား လူသားချင်းစာနာထောက်ထားသောအားဖြင့် ပြည်ထောင်စုအစိုးရ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ UNHCR၊ UNICEF၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က လှူဒါန်းသော ထောက်ပံ့ပစ္စည်းများဖြစ်သည့် ဆန်၊ အနွေးထည်၊ လူသုံးကုန်ပစ္စည်းများကို ပေးပို့လှူဒါန်းလျက်ရှိသည်။ လှူဒါန်းပစ္စည်းများအား ဗန်းမော်မြို့မှ အဆိုပါစခန်းအသီးသီးသို့ အမြန်ဆုံးပို့ဆောင်ရေးအတွက်လည်း မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဗန်းမော်မြို့သို့သွားရောက်ပြီး ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လတ်တလောပဋိပက္ခကြောင့် ရှောင်တိမ်းလာသည့် မိသားစုများအတွက် ပေးပို့လှူဒါန်းမှုအစုစုမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၁၀၀၀ စာ ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဆန်အိတ် ၃၀၀၊ အနွေးထည် ၁၀၀၀၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက Family Kit အစုံ ၄၀၀၊ UNHCR က အိမ်ထောင်စု ၅၀၀ စာ ကယ်ဆယ်ရေးပစ္စည်းလေးမျိုး၊ UNICEF က အိမ်ထောင်စု ၃၀၀ စာ ကယ်ဆယ်ရေးပစ္စည်း ၂၅ မျိုးတို့ဖြစ်ပြီး ၎င်းပစ္စည်းများအားလုံး မိုင်ဂျာယန်ဒေသသို့ ဒီဇင်ဘာ ၁၂ ရက်တွင် ရောက်ရှိသွားပြီးဖြစ်သည်။

ထို့ပြင် ကယ်ဆယ်ရေးစခန်း ၅၅ ခုတွင် ယာယီနေထိုင်ကြသည့် အိမ်ထောင်စု ၃၀၂၂ စုအတွက်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၂၃၄၅ စုစာ ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး၊ ခေါက်ဆွဲခြောက် ဖာ ၃၀၀ နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့✳**